

# Autism Connect

**အမျိုးသား အော်တစ်ဇင် တယ်လီဖုန်းအကူအညီဝန်ဆောင်မှု**

**သင် ယုံကြည်စိတ်ချနိုင်သော အော်တစ်ဇင်ဆိုင်ရာ အချက်အလက်များ။ အခမဲ့ဖြစ်ကာ လျှို့ဝှက်ထားပြီး သီးခြားရပ်တည်သည်။**

Autism Connect သည် အောက်ပါတို့အပါအဝင် နယ်ပယ်များစွာတွင် ကျွမ်းကျင်ပညာရှင်အဆင့် အချက်အလက်များနှင့် အကြံဉာဏ်များပေးသော၊ ရင်းနှီးစွာဆက်ဆံသည့် အကြံပေးအဖွဲ့နှင့် သင့်အား ချိတ်ဆက်ပေးပါမည် -

- အော်တစ်ဇင်နှင့် အော်တစ်ဇင်ဆိုင်ရာ လက္ခဏာများအကြောင်း စူးစမ်းလေ့လာခြင်း
- အပြုအမူနှင့် ပြောဆိုဆက်သွယ်မှု မဟာဗျူဟာများ
- အကဲဖြတ်ခြင်းနှင့် ရောဂါရှာဖွေဖော်ထုတ်ခြင်းဆိုင်ရာ ကူညီပံ့ပိုးမှု
- ကျောင်းနှင့် ပညာရေး
- NDIS
- ဝန်ဆောင်မှုများထံ လွှဲစာများ
- အချင်းချင်း ကူညီပံ့ပိုးရေး ချိတ်ဆက်မှုများ
- အော်တစ်ဇင်ရှိသူများ ပါဝင်နိုင်သော အစီအစဉ်များအား ရှာဖွေခြင်း
- ပတ်ဝန်းကျင်များကို ပိုမိုလက်လှမ်းမီစေရန် ပြုလုပ်ခြင်း



## ကျွန်ုပ်တို့နှင့် ချိတ်ဆက်ပါ။


## ဖုန်း- 1300 308 699

**အီးမေးလ်- info@autismconnect.org.au**

**ဝက်ဘ်ဆိုက်မှစကားပြောရန်- amaze.org.au/autismconnect**


amaze autism connect

Information. Advice. Referral.

# Autism Connect

Autism Connect သည် ဗစ်တိုးရီးယားတွင် 12 နှစ်ကြာ လူပေါင်း 20,000 ကျော်ကို ကူညီပေးလျက်ရှိသော Amaze ၏ အော်တစ်ဇင် အကြံပေး (Amaze's Autism Advisor) ဝန်ဆောင်မှုမှ တိုးချဲ့ထားခြင်း ဖြစ်သည်။

အော်တစ်ဇင်နှင့် ဆက်စပ်သော အကူအညီကို ရှာဖွေနေသူ မည်သူမဆို Autism Connect နှင့် ချိတ်ဆက်နိုင်သည်။ ဤဝန်ဆောင်မှုကို ရောဂါရှာဖွေသတ်မှတ်ခြင်းနှင့် ဝန်ဆောင်မှုများဆိုင်ရာ လမ်းညွှန်မှု ရှာဖွေနေသော အော်တစ်ဇင်ရောဂါရှိသူများ၊ ၎င်းတို့၏ မိသားစုများ သို့မဟုတ် မိတ်ဆွေများနှင့် အော်တစ်ဇင်ရောဂါရှိသော အရွယ်ရောက်ပြီးသူ သို့မဟုတ် ကလေးကို ပညာရေး၊ ကျန်းမာရေး ကဏ္ဍများနှင့် လုပ်ငန်းခွင်များတွင် ပံ့ပိုးပေးနေသူမှန်သမျှအတွက် စီစဉ်ထားခြင်း ဖြစ်သည်။

"ကျွန်မ အသက် 40 မှာ အော်တစ်ဇင်ရောဂါရှိတာကို ရှာတွေ့ခဲ့ပြီး ဒါဟာ တကယ်ကို အမြင်ပွင့်စေပြီး မှန်ကန်ကြောင်း ကျွန်မ သိခဲ့တယ်။ ရှင့်အနေနဲ့ ငါးစက္ကန့်စာ သတင်းစကားတစ်ခွန်းကို ပါးခွင့်ရပြီး လူသားတစ်ဦးက တုံ့ပြန်ပေးမှာ ဖြစ်တယ်။ သူတို့တွေက ခင်မင်ဖို့ကောင်းပြီး၊ စိတ်ရှည်တဲ့အပြင် ကိုယ်ချင်းစာစိတ်ရှိကြတယ်။ သူတို့နဲ့ ဖုန်းပြောရတာ တကယ်အဆင်ပြေပြီး အလွယ်ဆုံးအလုပ်ပဲလို့ ခံစားရတယ်။"

**- ကက်သရင်း၊ အော်တစ်ဇင်ရှိသော သား 2 ယောက် မိခင် အော်တစ်ဇင်ဖြစ်နေသူ။**

"အရင်းအမြစ်တွေနဲ့ အကြံပေးတွေက လူ့အသက်တွေကို ကယ်နိုင်မယ်လို့ ကျွန်တော် ထင်ပါတယ်။ သူတို့က ကျွန်တော့်ရဲ့ စိတ်ကျန်းမာရေးကို ပြောင်းစေခဲ့တယ်။ ကျွန်တော် ကိုယ့်ကိုကိုယ် ဘယ်သူမှန်း အရင်ကမသိခဲ့ပေမယ့် အခု သိပါပြီ။ ထူးချွန်တဲ့ အကြံပေးတွေကို ကျွန်တော် တကယ်ကျေးဇူးတင်ပါတယ်။"

**- အိုရီယန်၊ အော်တစ်ဇင်ရှိသော အရွယ်ရောက်ပြီးသူနှင့် အစီအစဉ်ကြေညာသူ။**

**နောက်ထပ် အချက်အလက်များအတွက် amaze.org.au/autismconnect တွင် ဝင်ကြည့်ပါ**

**သင် စကားပြန်လိုအပ်ပါက TIS အမျိုးသား ဆက်သွယ်ရေးစင်တာသို့ 131 450 မှတစ်ဆင့် ဆက်သွယ်နိုင်ပြီး Autism Connect ထံ 1300 308 699 မှတစ်ဆင့် ပြောဆိုဆက်သွယ်ခွင့် တောင်းပါ။**

**Autism Connect ကို ဩစတြေးလျ အစိုးရ လူမှုရေးရာဝန်ဆောင်မှုများ ဌာနက ငွေကြေးထောက်ပံ့သည်**

**2021 ခုနှစ် မတ်လ**